## Seeking to Know & Do God's Will

## ဘုရားသခင်၏အလိုတော်ကိုသိကျွမ်းပြီး၊လုပ်ဆောင်ရန် ရှာဖွေခြင်း။

ဘုရားသခင်၏အလိုတော်ကိုသိကျွမ်းရန်တစ်ခုတည်းသောနည်းလမ်းသည်သင်၏ကယ်တင်ရှင်အဖြစ်၊ကိုယ်တော်အားဦးစွာသိကျွမ်းခြင်းဖြင့်သာဖြစ်သည်။ဘုရားသခင်ထံချဉ်းကပ်ခြင်းဖြင့်သာ၊ သင်သည်ကိုယ်တော်နှင့်အတူလျှောက်လှမ်းသကဲ့သို့ကိုယ်တော်၏လမ်းညွှန်မှုကိုထင်ဟပ်စေသည်။ ကျွန်ုပ်တို့လုပ် ဆောင်နိုင်သော ခြေလှမ်းများရှိပါသည်။

## Seeking God through Fervent Prayer

## စိတ်အားထက်သန်သောဆုတောင်းခြင့်ဘုရားသခင်ကိုရှာဖွေပါ။

ရင်းနှီးသောမိတ်ဆွေ အကြောင်းကို စဉ်းစားကြည့်ပါ။ သင်သည် သူတို့ကို အတော်ကြာသိကျွမ်းလျှင်၊ သူတို့ကြိုက်သည်၊ မကြိုက်သည်ကိုသင်သိပါသည်။ သင်သည် တစ်ဦးတစ်ယောက်နှင့် ပို၍ရင်းနှီးလေလေ၊ သင် သူတို့ကိုပို၍ နားလည် လေလေဖြစ်သည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးအတွက်လည်း အတူတူပင်ဖြစ်သည်။ ဘုရားသခင်၏အလိုတော်ကို သိကျွမ်းခြင်းသည် သူထံသို့ ဆုတောင်း ခြင်း၌ရိုးသားစွာ အပြန်အလှန်စကားပြောခြင်းမှ လာသည်။ ထို့ကြောင်၊ ကျွန်ုပ်တို့သည် အရာအားလုံးတွင် ကိုယ်တော်နှင့် ပုံမှန်စကားပြောဆိုသည့် အလေ့အကျင့်ကို မွေးမြူရန်လိုအပ်ပါသည်။

## Read & Search the Scriptures

## သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာပါ။

ဘုရားသခင်၏အလိုတော်သည် ကျမ်းစာတွင်ရေးသားထားသည့် အတွက်ဘယ်တော့မှဆန့်ကျင်မည်မဟုတ်ပေ။ ထို့ကြောင့်၊ဆုတောင်းခြင်းဖြင့် ဘုရားသခင်ကိုသိကျွမ်း လာသည်နှင့်အမျှသူ၏နှုတ်ကပတ်တော်နှင့် ရင်းနှီးလာသည်။ သမ္မာကျမ်းစာကို သင်ပို၍လေ့လာလေလေ၊ သင့်ဆန္ဒများသည် ဘုရားသခင်၏အလိုတော်ကို ပို၍ထင်ဟပ်လာလေလေဖြစ်သည် (ဥပမာ- ဘဝလက်တွဲဖော်

သို့မဟုတ် အလုပ် သို့မဟုတ် အသင်းတော်ကို ရှာဖွေခြင်း)။ ဤဖြစ်ပျက်သောအခါ၊ သင်သည် မည်သည့်အရာကိုမဆိုဘုရားသခင်ထံယုံကြည်စိတ်ချစွာမေးမြန်းနိုင်ပြီး၊သူသည်သင့်အားကြားတော်မူလိမ့်မည်။

## Be Sensitive to the Holy Spirit

## သန့်ရှင်းသောဝိညာဉ်တော်ကိုအာရုံခံစားပါ။

သန့်ရှင်းသောဝိညာဉ်တော်ကို နားထောင်ခြင်းသည် မကြာခဏဆိုသလို သင့်ပတ်ဝန်းကျင်ရှိ ဆူညံသံများကိုတိတ်ဆိတ်စေရန်လိုအပ်ပါသည်။ သင်သည်အာရုံပျံ့လွင့်စေသော အရာများကိုဖယ်ရှားပြီး၊ သံသယဖြစ်ဖွယ်သောကြောက်ရွံ့မှုကို အာရုံစိုက်ခြင်းကို ရပ်တန့်လိုက်သောအခါ၊ သင်၏လက်ရှိအခြေအနေများ၌ ဘုရားသခင်၏ငြိမ်းချမ်းသော ရှေ့မှောက်တော်ကို သင်သတိပြုမိလာပါသည်။ ထို့ကြောင့်၊ သင်သည် ကျမ်းစာကိုဆုတောင်းပြီး၊ လေ့လာသောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အား လမ်းညွှန်ပေးရန် တောင်းလျှောက်ပြီး၊ မည်သည့်အာရုံပျံ့လွင့်စေသော အရာကိုမဆို ဘုရားသခင် ထံ တိတ်ဆိတ်စေရန်ခွင့်ပြုပါ။ဝိညာဉ်တော်၏လမ်းညွှန်မှုကိုနာခံရန်ဆန္ဒရှိစေပါ။

## Look For Confirmation from Wise People

## ပညာရှိများထံမှအတည်ပြုချက်ကိုရှာဖွေပါ။

ယုံကြည်ခြင်းခရီးတွင် ပိုမိုရှေ့ရောက်နေသောသူများကိုသင်၏ "ပညာရှိအကြံညဏ်"အဖြစ် ဖိတ်ခေါ်ရန်စဉ်းစားပါ။ သင့်ဘဝအတွက် ဘုရားသခင်၏အလိုတော်ကို သင်နှင့်အတူရှာဖွေရန်၊ ၎င်းတို့အားတောင်းဆိုပါ။ ဤခြေလှမ်းကို ယခင်ခြေလှမ်းများနှင့်အတူ လုပ်ဆောင်ရမည်ဖြစ်သည်။သင့်ဆရာ၊ မိဘ၊ သင်းအုပ်ဆရာ သို့မဟုတ် အသင်းတော်လူကြီးများ ကဲ့သို့သောအခြားသူများထံမှ ပညာရှိအကြံညဏ်ကိုရှာဖွေခြင်းသည် ဘုရားသခင်သည်သင့်အားလုပ်ဆောင်ရန်ပြောနေပြီဟု သင်ခံစားရသည့်အရာကိုအတည်ပြုသင့်သည်-၎င်းသည်ဘုရားသခင်နှင့်တိုက်ရိုက် ပြောဆိုခြင်းအစား မယူသင့်ပေ။

သင်သည် အမြဲတမ်းမှန်ကန်စွာ မရနိုင်သော်လည်း၊ ဘုရားသခင်၏အလိုတော်ကို နားလည်ရန်ကြိုးစားလေလေ၊၎င်းသည်ပိုမို၍လွယ်ကူလာလေလေဖြစ်သည်။ သင့်ဆန္ဒများသည်ဘုရားသခင်၏အလိုတော်များနှင့်ကိုက်ညီသောအခါ၊မှန်ကန်သောအရာကိုလုပ်ဆောင်ရန်၊ကိုယ်တော်သည်သင့်အား ယုံကြည်နိုင်မည်ဖြစ်သည်။ ဤခြေလှမ်းများကျင့်သုံးခြင်းသည်သင့်အားကူညီပေးလိမ့်မည်ဖြစ်သည်။ သို့သော် ဘုရားသခင်၏အလိုတော်ကိုရှာဖွေခြင်းသည် တစ်သက်တာဆက်ကပ်အပ်နှံခြင်း တစ်ခုဖြစ်ပြီး၊ နေ့ စဉ်ဘုရားသခင် ကိုရှာဖွေရန်လိုအပ်ပါသည်။

(၂၀၂၆)ခုနှစ်တွင်၊ဤအရာကိုစတင်လုပ်ဆောင်ပြီး၊ဘုရားသခင်၏အလိုတော်ကိုရှာဖွေသည်နှင့်အမှုမှန်ကန်သောဆုံးဖြတ်ချက်များကိုချမှတ်ရန်စတင်ပါ။

**Rev. Dr. Jack Sin**

**Sovereign Hope BPC (Singapore)**

**ဘာသာပြန်သူ - Myitta**